# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။၊ ဧဖက် ၄း၂၄ (ခ)

အမှတ်စဉ် (၄၅) မေလ ၂၀၀၅ ခုနှစ်

စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )





* ဤကမ္ဘာ လောကကြီးတွင် ပန်းမာန်များစွာ ဖူးပွင့် ဝေဆာနေပါ သည်။

သို့သော် နှင်းဆီပန်း သာလျှင် ချစ်ခြင်းမေတ္တာကို ကိုယ်စားပြု ပုံဆောင် ပါသည်။

* ဤကမ္ဘာလောကကြီးတွင် သစ်ပင်များစွာ ပေါက်ရောက် ရှင်သန်နေကြပါ သည်။

သို့သော် – ရှားစောင်းပင် သာလျှင် ရေငတ် ပြေစေနိုင်ပါသည်။

* ဤလောကကြီးတွင် လူသားများစွာ မှီတင်းနေထိုင်နေကြပါသည်။

သို့သော် သင့်အတွက် ဖူးစာရှင်သည် တစ်ဦးတည်းသာလျှင် ဖြစ်ပါ သည်။

* ဤကမ္ဘာလောကကြီးတွင် ကိုးကွယ်ဆည်းကပ်စရာ ဘာသာတရားနှင့် ပုဂ္ဂိုလ် မြောက်များစွာ ရှိကြပါသည်။

သို့သော် တမလွန်ဘဝအတွက် စိတ်ချမှု ပေးနိုင်သော ဘုရားစစ် တစ်ပါးတည်း သာလျှင် ရှိပါသည်။

လူအချို့က ဘာသာတရားတိုင်း ကောင်းမွန်ရာသို့ ရောက်ရန် ညွှန်ပြတတ် ကြသည့်အတွက် နောက်ဆုံး၌ မည်သည့်ဘာသာကို ကိုးကွယ် စေကာမူ ကောင်းမြတ်သော နေရာ တစ်နေရာဆီသို့ အတူတူ ရောက်နိုင် ကြောင်း လက်ခံ ထားကြသည်။

ထိုသူတို့ပေးသော ဥပမာကား – စင်ကာပူနိုင်ငံ၏ နိုင်ငံတကာ ချန်ဂီ လေဆိပ်မှ နာမည်ကြီး အောချပ် လမ်းမကြီးသို့ ရထား၊ ကား၊ ခြေလျင်၊ စက်ဘီး များဖြင့် နည်းအမျိုးမျိုး သုံး၍ သွားနိုင်ပြီး အနေးအမြန် အချိန်သာ ကွာမည် ရောက်ရမည့် ပန်းတိုင်ဖြစ်သော အောချပ်လမ်းသို့ မလွဲမသွေ ရောက်နိုင်သည် ဟု ဆိုကြလေသည်။

ဤသို့ဆိုလျှင် မြန်မာပြည်မှ ဩစတြေးလျနိုင်ငံသို့ ရထား၊ ကား၊ ခြေလျင်၊ စက်ဘီး နှင့် မသွားနိုင်ပါ မိတ်ဆွေ။

မြေပြင်မှ လကမ္ဘာဆီသို့ မိမိကြိုက်နှစ်သက်ရာ ယာဉ်ရထားနှင့် မသွားနိုင်ပါ။ လမ္ဘာသို့ ရောက်နိုင်မည့် သီးသန့်ယာဉ်ဖြစ်သော အာကာသ ယာဉ် စီးမှသာ ရောက်နိုင်ပါသည်။

ထိုသို့ဆိုလျှင် ထို လကမ္ဘာထက် ဝေးကွာ၊ နက်နဲလှသော ကောင်းကင်နိုင်ငံ၊ အပြစ်လွတ်ခြင်း၊ ကယ်တင်ခြင်း ရရှိဖို့ရန် သခင်ယေရှု တစ်ပါးတည်းကသာ သင့်ကို ပို့ဆောင်ပေးနိုင်ပါသည်။

**Zero ( Blue Stars Brother )**

ဝန်ခံချက်။ ။ ရရှိခဲ့သော **Email ( Joke)** ကိုဆီလျော်အောင် ဘာသာ ပြန်ဆိုပါသည်။

## အမေ

အမေ့ သွေးရည် က ငါတို့ကို ရှင်သန်စေခဲ့တယ်။
အမေ့ နို့ရည်က ငါတို့ကို ကြီးထွားစေခဲ့တယ်။
အမေ့ ချွေးရည်က ငါတို့ကို တိုးပွားစေခဲ့တယ်။
အမေ့ မျက်ရည်က ငါတို့ကို လိမ္မာစေခဲ့တယ်။
အမေ့ ရုပ်ရည်က ငါတို့ကို ချမ်းမြေ့စေခဲ့တယ်။
လောကကြီးထဲက အမေ့ရဲ့ သက်သေဟာ
ငါတို့ ပျက်ကြွေသွားလဲ ...
ဆက် – ဆက် ဝေ နေအုံးမှာဘဲ။

**( သားတော်မောင် အလီမ္မာ )**

# ကျွန်မအတွက်ဘုရားသခင်ရဲ့ မဟာကတိတော် ၆ ချက်

ကျွန်မ စင်ကာပူကို ရောက်လာခဲ့တာ ၂နှစ်နဲ့ သုံးလ ရှိခဲ့ပါပြီ။ ကျန်းမာ ပျော်ရွှင်စွာနဲ့ နေထိုင်နိုင်ခဲ့သလို လုပ်ငန်းခွင်မှာလဲ ဘာပြဿနာမှ မရှိဘဲ အဆင်ပြေခဲ့ပါတယ်။ စိတ် ဓါတ် ရေးရာမှာလဲ ထူးခြားတဲ့ စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်နိုင်တဲ့ ခံနိုင်ရည် ခွန်အားတွေသာမက ဘုရားသခင်ရဲ့ ကောင်းကြီးတွေလဲ တစ်ခု နောက်တစ်ခု ရေတွက် ချီးမွမ်း မကုန်နိုင်အောင် ခံစားခဲ့ရပါတယ်။ ဒီလိုခံစားရတာ ဘာ့ကြောင့်လဲ ဆိုတာကို ပြန်စဉ်းစားရင်း ကိုယ်တော့်ရဲ့ ကတိတော်တွေကို ပြန်လည် ရေတွက် ချီးမွမ်း နေမိပါတယ်။

ကျွန်မ စင်ကာပူကို ထွက်မလာခင်မှာ ကျွန်မ အတွက် ဘုရားသခင်က သူ့ရဲ့များစွာသော ကတိတော်တွေထဲက ကတိတော် ၆ချက်ကို ကျွန်မရဲ့ အစ်ကို ဖြစ်သူ သင်းအုပ်ဆရာအားဖြင့် ဖော်ပြခဲ့ပါတယ်။ အဲဒီ ကတိတော်တွေဟာ ဒီနှစ်မှာ ကျွန်မ အတွက် လိုအပ်နေတဲ့ ခွန်အားတွေ ပေးခဲ့သလို တကယ်ဘဲ ပြည့်စုံစွာ ခံစားရတာကို လက်တွေ့သိခဲ့ရလို့ အံ့သြ ရေတွက် ချီးမွမ်းရင်း မိတ်ဆွေများအတွက် ဝေမျှပါရစေ။

*ကတိတော်များကတော့ – – –*

၁) ဆာလံ ၆၇ း ၆ (ကောင်းကြီးပေးမယ်)

**( မြေသည် မိမိအသီးအနှံကို ပေး၍ ဘုရားသခင် တည်းဟူသော ငါတို့၏ ဘုရားသခင်သည် ငါတို့ကို ကောင်းကြီးပေး တော်မူ၏။ )**

မြေကြီးပေါ်မှာ အသက်ရှင်လှုပ်ရှားနေတဲ့ ကျွန်မဟာ မြေကြီးနဲ့ ဆိုင်တဲ့ အလုပ်အကိုင်တွေကို မလွဲမသွေ လုပ်ရမှာဖြစ်ပါတယ်။ ဘုရားသခင် အလိုတော်နဲ့ အညီ နှစ်သက်စရာဖြစ်အောင် အကောင်းဆုံး လုပ်ဆောင်ရမှာက ကျွန်မရဲ့ တာဝန်။ အဲဒီအတွက် ဘုရားသခင်က ကောင်းကြီးတွေပေးဖို့ အဆင်သင့် စောင့်နေတယ်ဆိုတာ သိရတော့ ဒီကတိတော်က ကျွန်မ လုပ်ဆောင်မှုရဲ့ အားဆေးဘဲပေါ့။

၂) ဆာလံ ၂၃ း ၁ – ၆ ( အတူရှိနေမယ်)

**ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူ၏ – – အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည် ဖြစ်၍ လှံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏ – – အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့် ကရုဏာ ကို တစ်သက်လုံး ခံစား၍ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲ နေရပါလိမ့်မည်။**

ဒီကျမ်းပိုဒ်ကလေးကိုတော့ လူတိုင်းလိုလို အလွတ်ရပြီး အခါအားလျော်စွာ ဖတ်ရွတ်တတ်တဲ့ ကျမ်းပိုဒ်လေးဖြစ်ပါတယ်။ ဒီကျမ်းပိုဒ်ကို ဖတ်တဲ့အခါတိုင်းမှာ ကျွန်မ အတွက်တော့ ဘုရားသခင်ရဲ့ နွေးထွေးတဲ့ ကတိပေးချက် ( ကျွန်မနဲ့ အတူရှိနေမယ်) ဆိုတာကို အသစ်တဖန်



ပြန်လည်ပြီးမှ အခါခါခံစားရလို့ ခွန်အား အပြည့်နဲ့ ချီးမွမ်းမကုန်နိုင်ဖြစ်ရပြန်ပါရော။

## ၃) ဟေဗြဲ ၁၃ း ၅ – ၆ ( သင့်ကို မစွန့်၊ အလျှင်းပစ်၍ မထား)

**ငါသည် သင့်ကို မစွန့် အလျှင်းပစ်၍မထား** ဟု ကတိတော်ရှိ၏။

လူတွေရဲ့ မေတ္တာက အတိုင်းအတာ အကန့်အသတ်ရှိပါတယ်။ ပတ်ဝန်းကျင်မှာ လူအချင်းချင်း အကြောင်း မညီညွတ်လို့ စွန့်သွားတာ၊ ပစ်သွားတာ မကြာခန ကြားဖူးကြမှာပါ။ ဒါပေမဲ့ ကျွန်မတို့ကို ချစ်တဲ့ ဘုရားသခင်ကတော့ ဘယ်တော့မှ မစွန့်ဘူး၊ အလျှင်းပစ်၍လဲ မထားပါဘူးလို့ ကတိပေးနေပါတယ်။ ကျွန်မတို့အတွက် တကယ့်ကို ထူးခြားတဲ့ အခွင့်အရေး တစ်ရပ်ကို ခံစားရလို့ ချီးမွမ်းစရာ တစ်ခုပါ မိတ်ဆွေ။ ဒီနေ့ဘဲ ဒီကတိတော်အတွက် ချီးမွမ်းလိုက်ပါနော်။

## ၄) ၁ယော ၅ း ၁၄ – ၁၅ ( တောင်းသော ဆုကို ရမယ် )

**ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်း ဟူမူကား ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင် အထံတော်၌ တောင်းသောဆုကို ရမည်ဟု သိရကြ၏။**

ဒီကတိတော်ကတော့ ကျွန်မတို့အတွက် ရဲရင့်ခြင်းပါဘဲ။ တစ်ခါတစ်ရံမှာ ကျွန်မတို့တွေ ဘုရားသခင် ပေးထားတဲ့ ကတိတော်တွေကို မေ့ပြီးမှ ကျွန်မတို့ လိုအပ်တာတွေကို ကိုယ့်ထက်ပိုပြီး ချမ်းသာတဲ့ သူတွေ။ တတ်စွမ်းနိုင်တယ်လို့ ထင်တဲ့သူတွေ ဆီမှာ အကူအညီတောင်းတတ်ကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ ဘုရားသခင်က အလိုတော်နဲ့ အညီတောင်းပါ၊ နားထောင်မယ်၊ ရမယ်တဲ့ ဘာပူစရာ လိုသေးလဲ ဘုရားသခင်က တောင်းသောဆုကို ရမယ်လို့ ကတိ ပေးထားပြီးပြီဘဲ၊ ဒီနေ့ကစပြီး ကျွန်မတို့ လိုအပ်တာတွေကို ကျွန်မတို့ကို ချစ်ပြီး ကတိတည်တဲ့ ဘုရားသခင်ဆီမှာ တောင်းကြရအောင်နော်။

## ၅) ၁ကော ၁၀ း ၁၃ ( ထွက်မြောက်သောလမ်းကို ပြင်ဆင် ပေးမယ်)

**လူ၌ဖြစ်တတ်သော စုံစမ်းနှောက်ယှက်ခြင်း ကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာတော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့ မခံနိုင်သော စုံစမ်းနှောက်ယှက်ခြင်း ကို သင်တို့၌ ရောက်စိမ့်သောငှာ အခွင့် ပေးတော်မမူ၊ သင်တို့သည် ခံနိုင်မည့်အကြောင်း စုံစမ်းနှောက်ယှက်ခြင်းအရာနှင့် တကွ ထွက်မြောက်သော လမ်းကိုလဲ စီရင်ပြုပြင်တော်မူလိမ့်မည်။**

လူတိုင်း စုံစမ်းနှောက်ယှက်ခြင်း အနည်းနဲ့အများ ခံစားဖူးကြမှာပါ။ ဘာကြောင့်လဲ။

ကျွန်မ အတွက်တော့ ဘုရားသခင်က ခံနိုင်ရည် ခွန်အား ရှိလာအောင် သွန်သင်ပေးတာလို့ မှတ်ယူရင်း ချီးမွမ်းမိပါတယ်။ စုံစမ်းခြင်း မရှိရင် ဘဝ လမ်းခရီးက ချောမွေ့ပြီး ဘုရားသခင်ကို မေ့တတ်ပါတယ်။ စုံစမ်းခြင်း တွေ့မှ ဘုရားသခင်ကို တမ်းတပြီး ဘုရားရဲ့ မေတ္တာကို ခံစားနားလည်တဲ့ သူတွေ ဖြစ်လာနိုင်မှာပါ။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားသခင်က တကယ့်ကို ကောင်းမြတ်ပါတယ်။ သစ္စာနဲ့ ပြည့်စုံတဲ့ ဘုရားဖြစ်လို့ ကျွန်မတို့အတွက် မခံနိုင်တဲ့ စုံစမ်းနှောက်ယှက် ခြင်းကို မပေးဘဲ ခံနိုင်တဲ့အရာနဲ့ ထွက်မြောက်သော လမ်းကိုပါ ပြင်ဆင်ပေးမယ်လို့ ကတိပေးထားခဲ့ပါတယ်။

ဒါကြောင့် စုံစမ်းခြင်း တွေ့လာရင် ဝမ်းမြောက် စွာ ချီးမွမ်းခံယူရင်း ကိုယ်တော်ပေးတဲ့ ထွက်မြောက်သော လမ်းကို စောင့်ဆိုင်းလျှက် ခံနိုင်ရည် ခွန်အားယူကြ ရအောင်နော်။

## ၆) ၂သက် ၃ း ၃ ( မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူမယ်။ )

**ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူ၏။ သင်တို့ကို မြဲမြံစေ၍ မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူ၏။**

မကောင်းမှုတွေက နေရာအနှံ့မှာ ကြီးစိုးနေတဲ့ ဒီကမ္ဘာ လောကကြီးထဲမှာ ဒီအရာတွေထဲ ကျွန်မတို့ မပါမိအောင် ရောက် မသွားမိအောင် ဘယ်လို ထိန်းချုပ်ထားမှာလဲ။

ကျွန်မတို့ရဲ့ ခွန်အားနဲ့တော့ မရနိုင်ပါဘူး။ ဒီအရာတွေထဲက ထိန်းချုပ် ပေးနိုင်တဲ့၊ ကင်းလွတ်စေနိုင်တဲ့၊ စောင့်မပေးမဲ့ ဘုရားသခင်က ကျွန်မတို့ကို ဖိတ်ခေါ်နေပါတယ်။ ကတိတွေ ပေးနေပါတယ်။ ကျွန်မတို့ကို မြဲမြံစေမယ်။ မကောင်းသော အရာက ကင်းလွတ်စေမယ်။ စောင့်မ ပေးမယ်တဲ့။ ကဲ – ကျွန်မ တို့အတွက် ဘယ်လောက် အဖိုးတန်တဲ့ ကတိတော်လဲ။

ဒါကြောင့် ကျွန်မတို့ရဲ့ အမှုအရာအားလုံးကို ဘုရားသခင် လက်ထဲ အပ်ပြီးမှ ဘုရားသခင်ရဲ့ လုံခြုံမှုကို အရ ယူကြရအောင်နော်။

ဒီကတိတော်တွေ အားလုံးက ကျွန်မအတွက် ခွန်အား ဖြစ်စေသလို၊ မိတ်ဆွေများ အတွက်လဲ ခွန်အားရမယ်လို့ မြော်လင့်မိပါတယ်။ ဒါကြောင့် ဒီကတိတော်တွေကို ကျွန်မတို့ အမြဲ အမှတ်ရပြီး ရှေ့ဆက်မဲ့ အသက်တာမှာ ဘုရားသခင်ရဲ့ ကြီးမားတဲ့ ကတိတော်တွေကို လက်တွေ့ခံစားရပြီး ဘုရားသခင်ကို ပို၍ တိုး၍ ချစ်သော သူများအယောက်စီတိုင်း ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း – – –

ကတိတော်နှင့် ပြည့်စုံသော ဘုရားသခင်၏ နာမတော် သာ၍ ဘုန်းကြီးပါစေသော်ဝ်။ အာမင်

ခရစ်တော်၏ နာမတော်၌

**DWE ( B.M.N.H )**

**ကျွန်မအတွက် ဒီကတိတော် ၆ချက်ကို ဝေမျှပေးခဲ့သော ဆရာမနီးထွန်းဝ (နေမြို့ပိုးကရင် နှစ်ခြင်းအသင်းတော် ) ကို ကျေးဇူးတင်ရင်း ဘုရားသခင်ရဲ့ ကြွယ်ဝသော ကောင်းကြီးများ ခံစားရပြီး အမှုတော်မြတ်ကို ကျယ်ပြန့်စွာ ထမ်းဆောင်နိုင်ပါစေ။**

## ကျွန်ုပ်တော်၏ရင်တွင်းစကား – ၁၃

ဘုံဆိုင်မှာ မူးလဲ တာ ငါ မဟုတ် ၊
မယုံနိုင်စရာ ထူးကဲ တာ ငါ မဟုတ် ။
အချစ်ဦးနဲ့ လွဲ ခဲ့ဖူးတာ ငါ မဟုတ် ၊
အပြစ်ရှုးနဲ့ ကဲ ခဲ့ဖူးတာ ငါ မဟုတ် ။
အလှူအိမ်မှာ တနင့်တပြဲ စားခဲ့ဖူးတာ ငါ မဟုတ် ၊
အနူအိမ်မှာ မချင့်မရဲ သွားခဲ့ဖူးတာ ငါ မဟုတ် ။
နျူကလီးယား တိုက်ပွဲ စခဲ့တာ ငါ မဟုတ် ၊
အယူသီးသမား မိုက်မဲလှတာ ငါ မဟုတ် ။
အာကာသခရီး တူးဖောက်ခဲ့တာ ငါ မဟုတ် ၊
အာဏာပြပြီး ရှုးမောက်ခဲ့တာ ငါ မဟုတ် ။
သမ္မာတရားနဲ့ ခရီးလျှောက်ခဲ့ဖူးတာ ငါ မဟုတ် ၊
စာတန်တရားနဲ့ စည်းဖောက်ခဲ့ဖူးတာ ငါ မဟုတ် ။
အလှဖုရားနဲ့ ညား ခဲ့ဖူးတာ ငါ မဟုတ် ၊
ဘဝခါးခါးနဲ့ စား ခဲ့ဖူးတာ ငါ မဟုတ် ။
သူရဲကောင်း ဖြစ်ခဲ့ဖူးတာ ငါ မဟုတ် ၊
လူမွဲခေါင်း ဖြစ်ခဲ့ဖူးတာ ငါ မဟုတ် ။
အော်စကာ တွေ မှန်းထားတာ ငါ မဟုတ် ၊
ပေါ်ပြူလာ ရေပန်းစားတာ ငါ မဟုတ် ။
အနုမြူ တီထွင်စရာ ပေးခဲ့တာ ငါ မဟုတ် ၊
အတုယူ ပီပြင်စွာ တွေးခဲ့တာ ငါ မဟုတ် ။
သူတော်စင် ဖြစ်ခဲ့ဖူးတာ ငါ မဟုတ် ၊
လူပေါ်ပင် ဖြစ်ခဲ့ဖူးတာ ငါ မဟုတ် ။
လူလုံးမလှ ကျွန်ဖြစ်တာ ငါ မဟုတ် ၊
အပူလုံးကြွ နွံနစ်တာ ငါ မဟုတ် ။
အောင်မြင်စွာ ဝံ့ကြွားတာ ငါမဟုတ် ၊
ထောင်မြင် ရာစွန့်သွားတာ ငါမဟုတ် ။
သူဌေးဆု ပန်ခဲ့တာ ငါမဟုတ် ၊
အကြွေးတစ်ခု ချန်ခဲ့တာ ငါမဟုတ် ။
ပါရဂူဘွဲ့ ခံခဲ့ဖူးတာ ငါ မဟုတ် ၊
အညာလူဘွဲ့ ခံခဲ့ဖူးတာ ငါ မဟုတ် ။
နန်းတော်မှာ စံပျော် ခဲ့ဖူးတာ ငါ မဟုတ် ၊
လမ်းပေါ်မှာ ကံချော် ခဲ့ဖူးတာ ငါ မဟုတ် ။
လူသား ကောင်းကျိုးတစ်ခု ပြုခဲ့ဖူးတာ ငါ မဟုတ် ၊
အယူမှား မကောင်းပိုးဥ အု ခဲ့ဖူးတာ ငါ မဟုတ် ။
ကျမ်းပေတတ်တာ ငါ မဟုတ် ၊
လွှမ်းကြွေတတ်တာ ငါ မဟုတ် ။
ဘုရား အစစ်ကို ဖူးမျှော်ခဲ့ဖူးတာ ငါ မဟုတ် ၊
အမှား အပြစ်ကို ကျူးကျော်ခဲ့ဖူးတာ ငါ မဟုတ် ။
အဲဒီလို ... ...
'ငါ မဟုတ်' – 'ငါ မဟုတ်' နဲ့
ဘာမဟုတ် တာတွေကို
အထာ လုပ်ပြီး ၊ ခါ ထုတ် လာလိုက်တာ
"ဒါ ဘယ်သူ့ အလောင်း လဲဟေ့" လို့ မေးသံကြားမှ –
အခေါင်းကို ဖွင့်ကြည့်လိုက်တော့ –
အား ပါး ပါး ... တလား ထဲမှာ
မလှုပ်မယှက်နဲ့ ရုပ်ပျက်နေတဲ့ အကောင်ပုပ်ဟာ ၊
ငါ တကယ် ဟုတ်နေပါလားဗျို့ ။ ။

**မင်းဧအောင်သက်လှိုင်**

**အခြေပြုကျမ်း။ ။ လူထင်သည့်အတိုင်း မှန်သော လက္ခဏာ ရှိသော် လည်း အဆုံး၌ သေခြင်းသို့ ပို့သော လမ်းတစ်မျိုး ရှိ၏။ သုတ္တံ ၁၄း၁၂**

**ထိုသို့ အဓ မဟုတ်၊ အပူ မဟုတ် နွေးရုံရှိသောကြောင့် ငါ၏ ခံတွင်းသည် သင့်ကို ထွေးလုပြီ။ ဗျာဒိတ် ၃း၁၆**

# ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်

သခင်ယေရှု ရှင်ပြန်ထမြောက်တော်မူခြင်းကို နှစ်တိုင်းအစဉ် အထူး ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ကျင်းပလေ့ရှိကြပါသည်။ တချိန်က ရှင်ပြန်ထမြောက်တော်ခြင်း ဝတ်ပြုစည်းဝေးတခု၌ ဆရာတဦး ဟောပြောခဲ့သည်ကို စိတ်ထဲတွင် စွဲနေပါသည်။ "အကယ်၍ သခင်ယေရှုသာ ရှင်ပြန်ထမြောက်တော် မမူလျှင်၊ ခရစ်ယာန် ဘာသာလည်း ရှိမည်မဟုတ်ပါ" တဲ့။ ဒီအတိုင်း နားထောင်ကြည့်လျှင် ဘာမှ သိပ်မထူးလှသော ဟောပြောချက် တစ်ခုသာဖြစ်ပါသည်။ သို့သော် လေးလေးနက်နက် စဉ်းစားကြည့်လျှင် အင်မတန် နက်နဲသော မှတ်ချက်တခု ဖြစ်ပါသည်။

### ၁) လူသည် အပြစ်ကြောင့် သေမျိုး ဖြစ်သည်။



(ကမ္ဘာ ၂ း ၁၆ – ၁၇) လူ၏အဖ အာဒံသည် မိမိ မာန ထောင်လွှားမှုကြောင့် ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့် နေ့မှ စ၍ ကျဆုံးသွားပြီး ဘုရား သခင်နှင့် ဝေးကွာ သွားခဲ့ရပါသည်။

ထို့ကြောင့် လူသည် သေမျိုး ဖြစ်သွားခဲ့ပါသည်။

(ရောမ ၅ း ၁၂)

**"ဤ အကြောင်းအရာ ဟူမူကား၊ အဓ ပြစ်တရားသည် တယောက်သော သူအားဖြင့် ဤလောကသို့ ဝင်၍၊ အပြစ်တရား အားဖြင့် သေ ခြင်းတရား ဝင်သည်နှင့် အညီ၊ လူအပေါင်း တို့ သည် အပြစ်ရှိသော ကြောင့် သေခြင်းသို့ ရောက် ရ ကြ၏။"**

ခရစ်ယာန်တို့တွင် –

**သေခြင်း၏ အဓိပ္ပါယ်သည် ယခုဘဝ ကိုယ်ခန္ဓာ စုတေ ပြီးဆုံး သွားရုံ မကဘဲ၊ နောင် တမလွန်မှာလည်း မိမိ အပြစ်ကြောင့် ငရဲကို သေချာပေါက် သွားမည်ကို ဆိုလိုပါသည်။**

ငရဲတွင်လည်း တခဏသာ ဒုက္ခခံပြီး သံသရာလည်သွားမည် မဟုတ်ပါ။ ထာဝရ ငရဲ ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ ဘယ်ကဲ့သို့ ငရဲနှင့် လွတ်နိုင်ပါမည်နည်း။ အကျိုးနည်း ပါပြီတကား။ (၁ကော ၁၅း၁၉)

**"ငါတို့သည် ခရစ်တော်ကို အမှီပြု၍ ယခုဘဝ၌သာ မြော်လင့်စရာ ရှိလျှင်၊ အခြားသောသူအပေါင်းတို့ထက် သာ၍ ဆင်းရဲ သောသူ ဖြစ်ကြ၏။"**

### ၂) ဝမ်းမြောက်ဘွယ်ရာ သိတင်း

အထက်ကအတိုင်း စဉ်းစားလျှင် မြော်လင့်ရာမဲ့ စိတ်ပျက်စရာ ခြောက်ခြား တုန်လှုပ်စရာ ကြီးပါပေလား။ ထာဝရ ငရဲမီးနှင့် အဘယ်သို့ လွတ်နိုင်ပါမည်နည်း။ သို့သော် – ခရစ်ယာန်တို့၏ အနာဂါတ်သည် ဤနေရာတွင်ပင် ပြီးဆုံးသွားခြင်း မဟုတ်ပါ။ လွတ်မြောက်ရာလမ်း၊ ကယ်တင်ခြင်း အကြောင်းသည်၊ ကျွန်ုပ်တို့ရှေ့၌ ထင်ရှားစွာ ဖေါ်ပြလျှက် ရှိပါသည်။ မဿဲ ၁း၂၁

**“– – မိမိ လူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့်၊ ယေရှု ဟူသော အမည်ဖြင့် မှည့်ရမည်”**

အောက်ဖော်ပြပါ ကျမ်းချက်ကို တပိုဒ်ချင်း သေချာစွာ ဆင်ခြင်လျှင် ဆန့်ကျင်ဘက် တရားနှစ်ခု ( အပြစ်ဒဏ် ခံရခြင်း နှင့် ကယ်တင်ခြင်း **condemnation & salvation**) ကိုယှဉ်ပြိုင်နိုင်း၍ တွေ့ရှိနိုင်ပါသည်။

ရောမ ၅ း ၁၅ –၂၁ “သို့သော်လည်း၊ ပြစ်မှားခြင်း သဘောနှင့် ကျေးဇူးတော်သဘော မတူ။ အကြောင်းမူကား၊ လူတယောက်သည် ပြစ်မှားသော အားဖြင့်၊ လူများတို့သည် သေခြင်းသို့ ရောက်ကြ၏။ တယောက်သောသူတည်း ဟူသော ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏ အကျိုးသည် လူများတို့၌ သာ၍ ကြွယ်ဝပြည့်စုံ၏။



ထိုမှတပါး ပြစ်မှားသောအရာနှင့် ကျေးဇူးတော် မတူ။ တရား စီရင်သော အရာမှာ၊ အပြစ်တခုကြောင့် ဒဏ်ခံစေ။ ကျေးဇူးတော် အရာမှာ၊ အပြစ်များလျက်ပင် လွတ်စေ ဟုစီရင်၏။ လူတယောက် ပြစ်မှားသောကြောင့်၊ ထိုသူအားဖြင့် သေခြင်းတရား သည် အစိုးရ၏။ တယောက်သောသူတည်း ဟူသော ယေရှုခရစ် အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံရကြလတံ့။

တယောက်သောသူ၏ ပြစ်မှားခြင်းအားဖြင့်၊ လူအပေါင်း တို့သည် အပြစ် စီရင်ခြင်းနှင့် တွေ့ကြုံရကြနည်းတူ၊ တယောက်သော သူ၏ ဖြောင့်မတ်ခြင်း အားဖြင့်၊ လူအပေါင်းတို့သည် အသက်နှင့် ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်းအခွင့် ကိုရကြ၏။

တယောက်သောသူသည် နားမထောင်သော အားဖြင့်၊ လူများတို့ သည် အပြစ် ရောက်သည် နည်းတူ၊ တယောက်သောသူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။

အပြစ်ပွားများသည် အရာမှာ ကျေးဇူးတော် သာ၍ ကြွယ်ဝ၏။

ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည် သေခြင်းအားဖြင့် အစိုးရသည် နည်းတူ၊ ငါတို့ သခင်ယေရှုခရစ် ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရ အသက်နှင့် ယှဉ်သော ဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့် အစိုးရလေ အံ့သတည်း။”

## ၃) သခင်ယေရှုသည် အပြစ်သားများကို မည်သို့ ကယ်တင်ခဲ့သနည်း။

## (က) အသေခံတော်မူခြင်း

အထက် (၁)၌ ဖော်ပြခဲ့သည့်နည်းတူ လူသားများသည် အပြစ်ပြုသဖြင့် အားလုံး သေမျိုး (တနည်း– ငရဲသွားရမည့်သူ) ချည်းသာဖြစ် ခဲ့ကြသည်။ ထိုအပြစ်၏ ဘေးဒဏ်မှ လွတ်ရန် တစ်စုံတစ်ယောက်က ရွေးနှုတ်မှသာ အပြစ်ဒဏ် ပြေငြိမ်းမည် ဖြစ်ပါသည်။

၁၊ သို့သော် သေဘေးမှ လွတ်ရန် အသက်ကို အသက်နှင့် ရွေးမှ သာရပါသည်။ အသက်သည် အသွေး၌တည် လျှက်ရှိပါသည်။ ထို့ကြောင့် **အသွေးသွန်းခြင်း မရှိလျှင် အပြစ်လွှတ်ခြင်း မရှိ** ဟု ကျမ်းစာ ဆိုသည် အတိုင်း ဓမ္မဟောင်း ကာလတွင် အပြစ်မပါသော သိုး၊ ဆိတ်၊ နွား စသည့် ယဇ်ကောင်များကို အပြစ်ရှိသူ ယဇ်ပုရောဟိတ်မှ စ၍ ဣသရေလလူများ အတွက် အသွေးဖြန်းခြင်း၊ ပူဇော်ခြင်းများဖြင့် အပြစ်ဖြေခြင်းကို နေ့တိုင်း၊ နှစ်တိုင်း၊ ချိန်းချက်သတ်မှတ်သည့် နေ့ရက်များအတိုင်း အစဉ်အမြဲ ပြုလုပ်နေကြရပါသည်။

၂၊ ယဇ်ကောင်အသွေး ပူဇော်ခြင်းသည် နောင်အပြစ်များ ဖြေရှင်းရန် (တနည်း) ကယ်တင်ခြင်း ရရန် ယဇ်ကောင်တည်းဟူသော သခင်ယေရှု ကိုယ်တော်တိုင် အပြစ်သားများ ကိုယ်စား အသေခံတော်မူမည်ကို ပုံဆောင်ခြင်း ဖြစ်သည်။ ထို့ကြောင့် နှစ်ခြင်းဆရာ ယောဟန်က **“ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။”** ဟု ယော ၁း၂၉ တွင် သခင်ယေရှု နှစ်ခြင်း ခံဘို့ရန် ရောက်လာစဉ် ကြွေးကြော်ခဲ့ခြင်း ဖြစ်ပါသည်။

၃၊ ရှေးကာလက အဲဂုတ္တုပြည် ကျွန်ခံနေရာမှ ဣသရေလ လူမျိုးများကို ဘုရားသခင် ထုတ်ဆောင်စဉ်ကလည်း ပသခါ သိုးသငယ် အားဖြင့် ကယ်တင်ခြင်းကို ပြတော်မူခဲ့ပါသည်။ (ထွက် ၁၂)

၄၊ ဣသရေလ လူမျိုးများ အဲဂုတ္တုပြည်မှ ထွက်သွားပြီးနောက် သိနာ တောင်ပေါ်တွင် မောရှေကို ပညတ်တရား ပေးစဉ် ကာလ၌လည်း ပထမဆုံး အသွေးအားဖြင့် ဘုရားသခင်နှင့် လူသားများ ဝန်ခံပဋိညာဉ် ပြုခဲ့ကြပါသည်။ ထိုပဋိညာဉ်သည် ပဋိညာဉ်ဟောင်း ဖြစ်ပါသည်။ (ထွက်၂၄ း ၈) **“မောရှေသည်လည်း၊ အသွေးကိုယူ၍ ဤအသွေးကား ဤအမှုအရာတို့တွင် သင်တို့၌ ထာဝရဘုရား ဝန်ခံတော်မူသော ပဋိညာဉ်၏ အသွေးဖြစ်သည်”**

၅၊ သခင်ယေရှု၏ ပွဲတော်မင်္ဂလာအားဖြင့် တဖန်ရရှိသော ပဋိညာဉ်သည် ပဋိညာဉ်သစ် ဖြစ်ပါသည်။ ပွဲတော်မင်္ဂလာသည် ဘုရားသခင်၏ အင်မတန် လျို့ဝှက်နက်နဲ လှသည့် အထက်အပိုဒ်များပါ အကြောင်းအရာများစွာကို ပုံဆောင်ဖော်ပြနေပါသည်။

သခင်ဘုရားသည် တပည့်တော်များနှင့် ပသခါပွဲခံရာ ညမှာ မိမိ အသေခံ တော်မူသည်ကို အောက်မေ့ဘို့ရန် နောက်ဆုံးသော ညစာ ပွဲတော် မင်္ဂလာကို ပေးခဲ့ပါသည်။ မဿဲ ၂၆ း၂၆ –၂၈။ ၁ကော ၁၁း၂၄ **“ သခင်ယေရှုသည် ရန်သူ့လက်သို့ အပ်နှံခြင်းကို ခံသော နေ့ညမှာ မုန့်ကို ယူ၍၊ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား၊ သင်တို့ အဘို့အလို့ငှါ ချိုးဖဲ့သော ငါ၏ကိုယ် ဖြစ်၏။ ယူ၍ စားကြလော့။ ငါ့ကို အောက်မေ့ဘို့ရာ ဤသို့ပြုကြလော့။ ခွက်ကိုလည်း ယူ၍၊ ဤခွက်ကား ငါ၏အသွေး၌ တည်သော ပဋိညာဉ် တရားသစ်** (အထက် ထွက်၂၄း၈ နှင့် ယှဉ်ကြည့်ပါ) **ဖြစ်၏။ ဤခွက်ကို သောက်သော အခါခါ၊ ငါ့ကို အောက်မေ့ဘို့ရာ သောက်ကြလော့။ ထိုမုန့်ကို စား၍ ထိုခွက်ကို သောက်သော အခါ ခါ၊ သခင်ဘုရား အသေခံတော်မူခြင်းကို ကြွလာတော် မမူမီ တိုင်အောင် ပြကြ၏။”** ပွဲတော်မင်္ဂလာယူခြင်း အားဖြင့် သခင်ဘုရား ကျွန်ုပ်တို့အတွက် အသေခံတော်မူကြောင်း သတိရ အောက်မေ့ကြသည်။ **အာကာပန်**

( စာမျက်နှာ အခက်အခဲ ရှိသောကြောင့် ဒုတိယပိုင်း ကို နောက်လတွင် ဆက်လက် ဖော်ပြပါမည်။ )

**Min Aung Thet Lwin, Blk76A #30-02, Red Hill Road, S’pore 151076 . ( e-mail;** min_atl@yahoo.com.sg **)**